## Virus ရှိ၊ မရှိ ကိုစစ်ဆေးကြည့်

ကိုယ့်ကွန်ပြူတာမှာ Virus ရှိ၊ မရှိကို အလွယ်တကူ စစ်ဆေးကြည့်ရှုနိုင်ပါသည်။ Antivirus Software မရှိဘဲ စစ်ဆေးနိုင်တဲ့ နည်းလမ်းများစွာရှိပါသည်။ အရင်ဆုံးစစ်ဆေးကြည့်ရှုရမှာကတော့

* **Tools Menu** က **Folder Options** ပျောက်နေခြင်း

* **Command Prompt, Registry, Task Manager** ကိုဝင်တိုင်း ကွန်ပြူတာ **Restart** ကျနေခြင်း

* **Administrator Account** ဖြစ်ရဲ့သားနဲ့ **Registry Editor, Task Manager** ဖွင့်မရခြင်း

* **Hidden Files, Hidden System Files** တွေကို ဖော်မရဖြစ်နေခြင်း

* **Folder** တွေကို **Double Click** နှိပ်လိုက်တိုင်း **My Document Folder** ပဲပေါ်နေခြင်း၊ ဒါမှမဟုတ် Folder လည်း မပွင့် ဘာမှလည်းမတတ်လာခြင်း

* **Memory Stick** ရဲ့ Drive ပေါ်မှာ **right click** နှိပ်လိုက်ရင် **Open** က ထိပ်ဆုံးရောက်နေ မယ့်အစား **Autoplay** က ထိပ်ဆုံးရောက်နေခြင်း

* **Drive** တွေ၊ **Memory Stick** တွေကို **Double click** နှိပ်လိုက်တိုင်း **OpenWith Box** ပဲပေါ်လာခြင်း

* **Memory Stick** ထဲက **Folder** တွေပေါ်မှာ **Right click** နှိပ်ပြီး **properties** ကိုရွေးရင် **Type မှာ File Folder လို့ပေါ်နေမယ့်အစား Application** လို့ပေါ်နေခြင်း

* **My Folder** ဆိုတဲ့ Folder အောက်မှာ **MyFolder.exe** ကိုတွေ့မြင်နေရခြင်း (Folder ၏ နာမည်နှင့်တူသော exe ဝင်ရောက်နေခြင်းကိုဆိုလိုခြင်းဖြစ်ပါသည်။)

* **Task Manager** ကိုဖွင့်ပါ။ (Ctrl+Alt+Del). **Flashy, Fun, New Folder စတဲ့ Process တွေနဲ့ မသင်္ကာဖွယ်ရာ Process တွေ Run နေခြင်း** (Run နေတယ်ဆိုရင် ဘယ် Memory Stick မှမတပ်ပါနှင့်။ Virus ချက်ချင်း ကူးစက်ခံနိုင်ရပါတယ်။ **Stick ကို Format ချလည်းအပိုပါပဲ။ ကိုယ်က Format ချပြီးတာနဲ့ Virus ကပြန်ဝင်နိုင်ပါသည်။)**

အထက်ပါ အချက်တွေထဲက တစ်ခုခု ဖြစ်နေရင် ကွန်ပြူတာမှာ သေချာသလောက်နီးပါး **Virus or Trojan or, pyware** တစ်ခုခု စက်ထဲမှာရှိနေပြီလို့ ယူဆနိုင်ပါသည်။ အခြားစစ်ဆေးနည်းတွေ အများကြီးရှိပါသေးသည်။ ပိုသေချာအောင် **Antivirus Software တစ်မျိုးမျိုးကို install လုပ်ပြီး Full Scan Run ကြည့်ပါ။** Virus ဝင်တာသေချာပြီးဆိုရင်တော့ Virus ကို အရင်သတ်လိုက်ပါ။ **Virus Backup**

**တောင်မလုပ်ထားပါနင့်။ Backup လုပ်ထားတဲ့ Virus ကအန္တရာယ်ဖြစ်လာနိုင်ပါသည်။**
တကယ့်ပြဿနာက Virus တွေကို အပြတ်ရှင်းပြီးသည့်တိုင်အောင် Folder Options လို Feature မျိုး ပြန်မပေါ်လာဘူးဆိုရင် **Hard Disk ကို Format ချပြီး Windows အသစ်တင်တာမျိုး မလုပ်ပါနဲ့။ Folder Option, Task Manager and Registry တို့ကို Tools တချို့အသုံးပြုပြီး ပြန်လည်ဖော်ထုတ်လုပ်ရပါတယ်။**

## virus ရှိမရှိ စစ်မယ်

---

virus ရှိမရှိ စစ်မယ် တကယ်ထိရောက်တဲ့ နည်းလို့ မဆိုလိုပေမယ့် ခန့်မှန်းနိုင်အောင်ပါ ..
Start-->Run --> cmd ရိုက်ထည့်ပါ .. Command prompt ပေါ်လာပါမည် .. cd\ ရိုက်ထည့်ပါ enter နှိပ်ပါ
C:\>setup လို့ ရိုက်ထည့်မယ် enter နှိပ်မယ် ဒါဆိုရင် please go to the Control Panel to install and configure system components ဆိုပြီး dialog box လေးပေါ်လာရင်
virus မရှိပါဘူး အပေါ်ခဲ့ရင် တော့  virus ရှိနေပါပြီ

vista မှာဆိုရင်မရ ပါဘူးခင်ဗျာ..
virus ဝင်နေပြီဆိုရင်တော့ ........ c: drive ထဲက os ရှိတဲ့ drive ထဲက
window folder ကို antiviurs နဲ့ပြန်စစ်ကြည့်ပါ.. ရှိတယ်ဆိုရင် virus name ကိုမှတ်ထားပြီး
အပြီးပိုင်ရှင်းလင်းဖို့အတွက် regedit .. ထဲက
HKEY_CURRENT_USER-->Software-->Microsoft-->Window-->CurrentVersion-->Policies -->Explorer ကိုဖွင့်ပြီး ညာဘက်က box ထဲမှာ..
ခုနက မှတ်ထားတဲ့ virus name ကိုရှာပြီး delete လုပ်လိုက်ပါ ။
CurrentVersion-->Run ကိုလည်းဖွင့်ပြီး လုပ်ပါ..
HKEY_LOCAL_MACHINE ထဲမှာလည်းအပေါ်ကအတိုင်းဝင်ပြီးလုပ်ပါ........
ဒါဆိုရင်တော့သေချာသလောက်ရှင်းပြီပါပြီ........ အဆင်ပြေပါစေဗျာ........